# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၁)    ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်


## မာတိကာစဉ်


၁။ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ ၂-၅

၂။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် သတင်းစဉ်။ ၆-၇

၃။ တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာ။ ၈-၉

၄။ ဆိုက်ဘာမှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(မူကြမ်း) ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းကော်မတီက အတည်ပြုခြင်း။ ၁၀-၁၁

၅။ အတင်းအကြပ်သားကြောဖြတ်ခြင်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဂျပန်နိုင်ငံတရားရုံးချုပ်က ဆုံးဖြတ်ခြင်း။ ၁၂-၁၃

၆။ TikTok သည် ကလေးငယ်များ၏လုံခြုံရေးကို ကြီးမားစွာချိုးဖောက်မှုနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံတွင် TikTok တရားစွဲဆိုခံရခြင်း။ ၁၄-၁၆

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှထုတ်ပြန်သည့်တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင် ကိုယ်စားလှယ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သောလျှောက်လွှာပုံစံများသတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ နိုင်ငံတော်တော်လှန်ရေးကောင်စီမှ ထုတ်ပြန်သည့်ရှေ့နေချုပ်အသစ်ခန့်အပ်ခြင်း ကြေညာချက်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ပြန်သည့် ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၃၅ ရာခိုင်နှုန်းအစား ၂၅ ရာခိုင်နှုန်းကိုသာ မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ပြင်ဆင်သတ်မှတ်ခြင်း အမိန့်ကြော်ငြာစာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်း အမိန့်ကြော်ငြာစာ နှင့် နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ (ခ) (၁) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းဖွဲ့စည်းခြင်းဆိုင်ရာစည်းမျဉ်းကို ၆-၈-၂၀၂၄ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၅၈/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့သည်။

ဤစည်းမျဉ်းမထုတ်ပြန်မီက စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းကဲ့သို့ လုပ်ငန်းများဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများသည် ဤစည်းမျဉ်းထုတ်ပြန်သည့်နေ့မှစ၍ သုံးလအတွင်းဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားရမည်ဟု တွေ့ရှိရပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူသည် လျှောက်လွှာပုံစံ(CMO-1)ဖြင့် အေဂျင်စီထံလျှောက်ထားရမည်ဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားရာတွင် အဖွဲ့အစည်းကိုယ်စား အထွေထွေမန်နေဂျာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အဖွဲ့အစည်း၏တာဝန်ပေးအပ်ခြင်းခံရသူက လျှောက်ထားရမည်ဖြစ်ကြောင်း နှင့် လက်ခံစစ်ဆေးသည့်ဝန်ဆောင်မှုအတွက် အခကြေးငွေပေးသွင်းရမည်ဖြစ်ကြောင်း၊ လျှောက်ထားချက်နှင့်အတူ စည်းမျဉ်း ၆ (က)မှ (ဠ)အထိပါ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြရမည်ဖြစ်သည်ကို တွေ့ရှိရသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းအဖြစ်ဖွဲ့စည်းရန် အေဂျင်စီသို့လာရောက်လျှောက်ထားခြင်း၊ နိုင်ငံတော်က အသိအမှတ်ပြုထားသည့် စာပို့လုပ်ငန်းတစ်ခုခုဖြင့် ပေးပို့လျှောက်ထားခြင်း၊ အေဂျင်စီက သတ်မှတ်သည့် အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားခြင်းတို့ဖြင့် အေဂျင်စီထံ လျှောက်ထားနိုင်သည်ဟု သိရှိရပါသည်။

အေဂျင်စီသည် စည်းမျဉ်း ၁၀ အရ စာပေနှင့်အနုပညာမူပိုင်ခွင့်သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းအဖွဲ့က တင်ပြသည့် တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တို့ကို စိစစ်၍ ရက်ပေါင်း ၆၀ အတွင်း စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းကို ဖွဲ့စည်းခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်ဖြစ်ကြောင်း သိရသည်။

အေဂျင်စီသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရာ၌ အဖွဲ့အစည်းအမည်နှင့် လိပ်စာအပြည့်အစုံ၊ လျှောက်ထားချက်တင်သွင်းသည့်ရက်စွဲ၊ လျှောက်ထားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊စီမံဆောင်ရွက်သည့်စာပေ သို့မဟုတ် အနုပညာကဏ္ဍအမျိုးအစား၊ စီမံဆောင်ရွက်သည့်မူပိုင်ခွင့်အမျိုးအစား၊ အခွင့်အရေးပိုင်ရှင်အမျိုးအစား၊ သက်သေခံလက်မှတ်နံပါတ်၊ ဖွဲ့စည်းခွင့်ပြုသည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးမည့်ရက်စွဲ၊ ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်တို့ ပါဝင်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း၏ သက်တမ်းသည် ဖွဲ့စည်းခွင့်ပြုသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်ဟု သိရှိရပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ စည်းမျဉ်း ၁၅ (က)မှ (ဇ) ပါအတိုင်း ဆောင်ရွက်ရမည်ဟု သိရှိရပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းသည် ကိုယ်ပိုင်ဝက်ဘ်ဆိုဒ် (Own Website) နှင့် ဒေတာဘေ့စ် (Database) တို့ကိုထားရှိရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းအဖွဲ့ဝင်များအကြား အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းသည့်နည်းလမ်းဖြင့်ဖြေရှင်းနိုင်ကြောင်းနှင့် ထိုသို့ဖြေရှင်းနိုင်ခြင်းမရှိပါက အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်ကို တွေ့ရသည်။

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၂) အမှတ် (၃၁)
၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းနှင့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ကို အသုံးပြုသူများအကြားပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက်ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်ကြောင်း တွေ့ရသည်။

သို့ဖြစ်ပါ၍ **စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်းဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းအမိန့်ကြော်ငြာစာအား** လေ့လာသိရှိလိုသူများအနေဖြင့် MLIS Webstie တွင် ဝင်ရောက်လေ့လာဖတ်ရှုနိုင်ပါသည်။

e- Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်းစဉ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့်နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာကို ၂၀၂၄ခုနှစ်၊ဇူလိုင်လ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၅၄/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်ကြော်ငြာစာတွင် ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး လစဉ်ခံစားခွင့်ပြုသည့်ကိစ္စ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး လစဉ်ခံစားခွင့်ပြုသည့်ကိစ္စ၊ ဝန်ထမ်းများအား အပိုထောက်ပံ့ကြေး ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ၊ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး ခွင့်ပြုသည့်ကိစ္စ၊ အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး လစဉ်ခံစားခွင့်ပြုသည့်ကိစ္စ၊ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ကိစ္စနှင့် အထွေထွေဖော်ပြချက်များကို အပိုင်း ၇ ပိုင်းဖြင့် ဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

ယင်းအမိန့်ကြော်ငြာစာထုတ်ပြန်ချက်အရ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဝန်ထမ်းများအား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ လစဉ်ခွင့်ပြုခဲ့သည့် အပိုထောက်ပံ့ကြေးတစ်ဦးအတွက် ကျပ် ၃၀,၀၀၀ အပြင် ထပ်မံ၍ ကျပ် ၃၀,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်ကြောင်း၊ အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန်တစ်နေ့ ၈ နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခကျပ် ၄,၈၀၀ အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁,၀၀၀ ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ လစဉ် ခံစားခွင့်ပြုခဲ့သည့် အပိုထောက်ပံ့ကြေးကျပ် ၁,၀၀၀ အပြင်ထပ်မံ၍ ကျပ် ၁,၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ်

ခံစားခွင့်ပြုပြီး နေ့စားအလုပ်သမားများအား နေ့စဉ် လုပ်ခကျပ် ၆,၈၀၀ တိတိကို ခွင့်ပြုရန်ဖြစ်ကြောင်း၊လုပ်ငန်းစာချုပ်အစရှိသည့်ဆောင်ရွက်ပြီးစီးသောလုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကိုလိုက်၍ အခကြေးငွေရရှိသည့်ဝန်ထမ်းများနှင့်အလုပ်သမားများ၊ အချိန်ပိုင်းသာ ဆောင်ရွက်ရသည့်ဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးခံစားခွင့်မရှိကြောင်းနှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော အငြိမ်းစားဝန်ထမ်းများ (တပ်မတော်အငြိမ်းစားဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀,၀၀၀ ကို လစဉ် ခံစားခွင့်ပြုရန်ဖြစ်ကြောင်း၊ ယင်းအမိန့်သည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အတည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ စိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၁) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်

## တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများ စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်း သိကောင်းစရာ

မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်များကာကွယ်ပေးရန် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ထိုဥပဒေများသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁-၆-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၀၆/၂၀၂၄အရ တီထွင်မှု မူပိုင်ခွင့်ဥပဒေသည် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီးဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမိန့်ကြော်ငြာစာအမှတ် ၆၉၄/၂၀၂၄ ဖြင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ စွဲဆိုမှုများစစ်ဆေးစီရင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၃-၆-၂၀၂၄ ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။

ယင်းလုပ်ထုံးလုပ်နည်းတွင် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရစွဲဆိုသည့် ရာဇဝတ်မှုများနှင့် တရားမမှုများကို အရေးယူဆောင်ရွက်ခြင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)အရ ယာယီအရေးယူပေးရန်လျှောက်ထားခြင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၉၄ အရ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ်မကျေနပ်သူက မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားခြင်း၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် မူပိုင်ခွင့်တရားရုံးကချမှတ်သော ဒီကရီနှင့်အမိန့်များအပေါ် အတည်ပြုဆောင်ရွက်ခြင်းတို့နှင့် သက်ဆိုင်သည့်လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားကြောင်း သိရှိရပါသည်။ အထွေထွေအခန်းတွင် မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းများကို အရေးယူဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့်မူပိုင်ခွင့်ပုံစံများကို ဖော်ပြထားပါသည်။

မူပိုင်ခွင့်တရားရုံးသည် တီထွင်မှု မူပိုင်ခွင့်ဥပဒေအရစွဲဆိုသည့် ရာဇဝတ်မှုများကို ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေပါမူပိုင်ခွင့်

အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် စွဲဆိုသောတရားမမှုများကို ကာလစည်းကမ်းသတ်အက် ဥပဒေအရ သတ်မှတ်ထားသောကာလအတွင်း တရားစွဲဆိုရမည်ဖြစ်ကြောင်း၊ အဆိုလွှာကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ရေးသားဖော်ပြရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.unionsupreme. gov.mm

## ဆိုက်ဘာမှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်(မူကြမ်း) ကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏လုပ်ငန်းကော်မတီက အတည်ပြုခြင်း

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများကို ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့်အသုံးပြုခြင်းကို ဆန့်ကျင်တိုက်ဖျက်သည့် နိုင်ငံတကာသဘောတူစာချုပ်တစ်ရပ် ပေါ်ထွက်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၇-၁၂-၂၀၁၉ ရက်နေ့တွင်ကျင်းပခဲ့သည့် ၇၄ ကြိမ်မြောက်အထွေထွေညီလာခံတွင် ဆုံးဖြတ်ချက်အမှတ် ၇၄/၂၄၇ ကို ချမှတ်ခဲ့ပါသည်။

ယင်းဆုံးဖြတ်ချက်အရ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များပါဝင်သော လုပ်ငန်းကော်မတီကို ဖွဲ့စည်း၍ သက်ဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများနှင့် အစည်းအဝေးများ အကြိမ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး The United Nations Convention Against Cybercrime ဟူသည့် အမည်ဖြင့် ၉-၈-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းကော်မတီက အတည်ပြုနိုင်ခဲ့ပါသည်။ အဆိုပါသဘောတူစာချုပ်ကို နောင်ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏အထွေထွေညီလာခံသို့ ဆက်လက်တင်ပြခြင်း၊ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများက ဆွေးနွေးအတည်ပြုခြင်းနှင့် စာချုပ်ပါအချက်များ စတင်အာဏာသက်ရောက်ရန် အဖွဲ့ဝင်နိုင်ငံ အနည်းဆုံး ၄၀ က သဘောတူလက်မှတ်ရေးထိုးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

The United Nations Convention Against Cybercrime သည် ၂၀၀၁ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့်ဆိုက်ဘာပြစ်မှုများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်ဖြစ်သည့် The Budapest Convention ပြီးလျှင် ဒုတိယမြောက်ပေါ်ထွက်လာသည့် နိုင်ငံတကာသဘောတူစာချုပ်တစ်ခုဖြစ်သောကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ စာချုပ်ဝင်နိုင်ငံများ၏ ပြည်တွင်းဥပဒေများပါပြဋ္ဌာန်းချက်များ ဆီလျော်ညီညွတ်မှုရှိရေး၊ လူ့အခွင့်အရေးဆိုင်ရာအကာအကွယ်ပေးရေး၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုများအပေါ် အကာအကွယ်ပေးရေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နည်းပညာဆိုင်ရာအကူအညီပေးရေး၊ လေ့ကျင့်သင်တန်းပေးရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး စသည့်အချက်များပါဝင်ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်တွင်းဥပဒေများကိုရေးဆွဲပြဋ္ဌာန်းရာတွင် နိုင်ငံတကာဥပဒေများကို တိုက်ရိုက်လက်ခံကျင့်သုံးခြင်းမရှိသည့် Dualistic system ကို ကျင့်သုံးသည့်နိုင်ငံဖြစ်သောကြောင့် The United Nations Convention Against Cybercrime ပါအချက်များကိုကြိုတင်လေ့လာထားခြင်းဖြင့် နိုင်ငံတော်၌အသစ်ပြဋ္ဌာန်းမည့် ဆိုက်ဘာလုံခြုံရေးဥပဒေများအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေဘာသာပြန်ဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- NHK World (https://www3.nhk.or.jp/nhkworld/en/news/20240809_13/)
- UN News (https://news.un.org/en/interview/2024/02/1146772)

## အတင်းအကြပ်သားကြောဖြတ်ခြင်းဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ဂျပန်နိုင်ငံတရားရုံးချုပ်က ဆုံးဖြတ်ခြင်း

ခေတ်နှင့်လျော်ညီမှုမရှိတော့သည့် ညဏ်ရည်ဖွံ့ဖြိုးမှုကို ကာကွယ်သည့်ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း ဆုံးဖြတ်ခဲ့ပြီးနောက် အတင်းအကြပ် သားကြောဖြတ်ခံခဲ့ရသည့်နစ်နာသူများကို ဂျပန်အစိုးရမှလျော်ကြေးပေးရန် ဂျပန်တရားရုံးချုပ်က အမိန့်ချမှတ်လိုက်သည်။ တိုကျို၊ ဆဲန်ဒိုင်း၊ ဆာပိုရိုနှင့် အိုဆာကာဒေသတို့မှ အယူခံမှု ၅ မှုတင်သွင်းမှုအပေါ် ညဏ်ရည်ဖွံ့ဖြိုးမှုကို ကာကွယ်သည့်ဥပဒေနှင့်ယင်းဥပဒေ၏ နောက်ဆက်တွဲလုပ်ထုံးလုပ်နည်းများသည် လူသားတစ်ဦးချင်းစီ၏ဂုဏ်သိက္ခာနှင့် ကိုယ်ရည်ကိုယ်သွေးအား လေးစားရမည်ဟူသောစံနှုန်းနှင့် သွေဖီနေသကဲ့သို့ ဂျပန်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃ ကိုလည်း ချိုးဖောက်နေကြောင်း၊ ထို့ပြင် နစ်နာသူများ၏ လျော်ကြေးတောင်းခံနိုင်သည့်အခွင့်အရေးနှင့်စပ်လျဉ်း၍ တရားရုံးများက လျော်ကြေးပေးရန်အမိန့်ချမှတ်ရာ၌ ကာလစည်းကမ်းသတ်ဥပဒေအရနှစ် ၂၀ကာလကန့်သတ်ချက်သည် အဟန့်အတားဖြစ်စေသည့်အတွက် တရားမျှတမှုစံနှုန်းနှင့်လည်း ဆန့်ကျင်နေကြောင်း တရားရုံးချုပ်က သုံးသပ်ဆုံးဖြတ်ခဲ့သည်။

တရားရုံးချုပ်က ယခုကဲ့သို့အမိန့်ချမှတ်ခြင်းမရှိသည့်ကာလကပင် သားကြောဖြတ်သည့်ခွဲစိတ်မှုသည် လူသားဂုဏ်သိက္ခာအား ထိခိုက်စေကြောင်း၊ နစ်နာသူများ၏ဂုဏ်သိက္ခာကို ပြန်လည်ကုစားရန်နှင့်သက်သာခွင့်များရရှိစေရန် ဆုံးဖြတ်ချက်တစ်ရပ်ကို နစ်နာသူများအသက်ရှင်နေစဉ်အတွင်း ချမှတ်သင့်ကြောင်း နစ်နာသူများအတွက် အမျိုးသားအဆင့်ဖွဲ့စည်းထားသည့်ရှေ့နေအဖွဲ့မှ တွဲဖက်ဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။

ညဏ်ရည်ဖွံ့ဖြိုးမှုကို ကာကွယ်သည့်ဥပဒေ (၁၉၄၈) အား စစ်ပွဲအလွန်ကာလ ဂျပန်နိုင်ငံတွင် လူဦးရေးတိုးပွားမှုကိုကိုင်တွယ်ရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၁ ပါ“အရည်အသွေးနိမ့်ကျသော မျိုးဆက်များတိုးပွားမှုအားကာကွယ်ရန်” ပြဋ္ဌာန်းချက်နှင့်အညီ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာဖောက်ပြန်ခံစားနေရသည့်ရောဂါသည်များကို သားကြောဖြတ်ရန် ဂျပန်အစိုးရက ဆောင်ရွက်

ခဲ့ကြောင်း၊ သားကြောဖြတ်ခံခဲ့ရသူဦးရေ ၂၅၀၀၀ ခန့်ရှိပြီး ၁၆၅၀၀ ခန့်သည် ၎င်းတို့၏သဘောဆန္ဒမပါဘဲ ခွဲစိတ်မှုခံယူခဲ့ရခြင်းဖြစ်ကြောင်း၊ ဂျပန်အမျိုးသားလွှတ်တော် (Diet)က သားကြောဖြတ်ခံခဲ့ရသူတစ်ဦးလျှင် ဂျပန်ယန်း ၃.၂ သန်းပေးဆောင်ရန် ၂၀၁၉ ခုနှစ်က ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www. Jurist news, law students reporting the rule of law in crisis

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၁) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်

## TikTok သည် ကလေးငယ်များ၏လုံခြုံရေးကို ကြီးမားစွာချိုးဖောက်မှုနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံတွင် TikTok  တရားစွဲဆိုခံရခြင်း

ခေတ်မီလူမှုဆက်သွယ်ရေးနယ်ပယ် (Social Media Platform) တွင် ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုကိုကာကွယ်ရန် ပျက်ကွက်မှုနှင့်စပ်လျဉ်း၍ TikTok (တစ်တော့) ကုမ္ပဏီ နှင့်၎င်း၏မိခင်ကုမ္ပဏီ ByteDance(ဘိုက်ဒန့်စ်)ကို ၉-၈-၂၀၂၄ရက်နေ့တွင် အမေရိကန်နိုင်ငံတရားရေး ဌာန (DOJ = Department of Justice)က တရားစွဲဆိုခဲ့ပါသည်။

အသက် ၁၃နှစ်အောက် အွန်လိုင်းအသုံးပြုသူကလေးသူငယ်များ၏ကိုယ်ရေးကိုယ်တာအချက် အလက်များကို စုဆောင်းသိမ်းဆည်းခြင်းမပြုမီ မိဘ၏သဘောတူညီချက်ရယူရမည်ဟု ပြဋ္ဌာန်းထား သည့် အွန်လိုင်းကိုယ်ရေးကိုယ်တာကာကွယ်ရေးဥပဒေအား TikTok က ချိုးဖောက်ခဲ့သည့်အတွက် DOJ မှ တရားစွဲဆိုခဲ့ခြင်းဖြစ်ပါသည်။ TikTok မှ ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာများကို တရားမဝင်ကျူးလွန်ဖောက်ဖျက်နေမှုအား အဆုံးသတ်ရန်ရည်ရွယ်လျက် DOJ မှ တရားစွဲဆိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဖက်ဒရယ်ကုန်သွယ်ရေးကော်မရှင် (FTC = Federal Trade Commission)ကလည်း စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

DOJ ၏အဆိုအရ TikTok သည် ပုံမှန် TikTok ပလပ်ဖောင်းတွင် ဗီဒီယိုအတိုများနှင့်စာတို များပေးပို့မျှဝေနိုင်သည့် အခြားသောအရွယ်ရောက်ပြီးသုံးစွဲခွင့်ပြုထားသည့် TikTok အကောင့်များ ကဲ့သို့ ကလေးသူငယ်များအား သုံးစွဲခွင့်ပြုထားသည်ဟု ဖော်ပြထားပါသည်။ မိဘများထံမှ သဘောတူညီ ချက်မရယူဘဲ ဤကလေးများထံမှ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို TikTok က စုဆောင်း သိမ်းဆည်းလျက်ရှိပါသည်။ အသက် ၁၃ နှစ်အောက်ရှိ အမေရိကန်ကလေး သန်းပေါင်းများစွာသည် TikTok ကို အသုံးပြုနေကြပြီး ကုမ္ပဏီသည် ကလေးများ၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို စုဆောင်း ထိန်းသိမ်းထားသည်ဟု အစိုးရမှ စွပ်စွဲထားပါသည်။

"TikTok သည် ကလေးသူငယ်များ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကိုသိလျက်နှင့် အကြိမ်ကြိမ် ချိုးဖောက်နေသောကြောင့် နိုင်ငံတစ်ဝှမ်းရှိ သန်းပေါင်းများစွာသောကလေးများ၏ လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်"ဟု FTC ၏ ဥက္ကဋ္ဌ လီနာခန်း(Lina Khan) က ပြောကြားခဲ့ပါသည်။ မလျော်ကန်သောအချက်အလက်(Data)စုဆောင်းမှုကြောင့် ချိုးဖောက်မှုတစ်ခုလျှင် ၅၁,၇၄၄ ဒေါ်လာအထိ ဒဏ်ရိုက်ခံရမည်ဆိုသည့် မူဝါဒအရဆိုလျှင် TikTok သည် ဒေါ်လာဘီလီယံပေါင်းများစွာ အပြစ်ပေးခံရနိုင်သည်ဟုလည်း ၎င်း၏အေဂျင်စီက ပြောကြားခဲ့ပါသည်။ အဆိုပါတရားစွဲဆိုမှုများနှင့်စပ်လျဉ်း၍ ယခင်ကတည်းက ပြောင်းလဲခဲ့သည့်မူဝါဒများနှင့်အညီ ကလေးသူငယ်များအား ကာကွယ်ရန် ကိုယ်ရေးကိုယ်တာမူဝါဒများကို ကုမ္ပဏီအနေဖြင့် ပြုပြင်မွမ်းမံထားကြောင်း TikTok က တရားစွဲဆိုမှုများကို ပြန်လည် ငြင်းဆိုခဲ့ပါသည်။

ဤစွပ်စွဲချက်များမှာ မိမိတို့အနေဖြင့်လက်ခံနိုင်ဖွယ်မရှိကြောင်း ကိစ္စရပ်အများစုမှာ ဖြစ်ရပ်မှန်များမဟုတ်ကြောင်း သို့မဟုတ် မှန်ကန်မှုများမရှိကြောင်း သို့မဟုတ် ထိုစွပ်စွဲချက်များမှာ ကိုင်တွယ်ဖြေရှင်းခဲ့ပြီးဖြစ်သည့် အတိတ်ဖြစ်ရပ်များနှင့်သာ သက်ဆိုင်ကြောင်း TikTok ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားခဲ့သည်။ "ကလေးသူငယ်များကိုအကာအကွယ်ပြုရန် မိမိတို့၏ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ယူနိုင်ကြောင်း၊ မိမိတို့သည် ပလပ်ဖောင်းကို ဆက်လက်မွမ်းမံပြီး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တင်းကြပ်သည့်အကာအကွယ်များဖြင့် အသက်အရွယ်အလိုက် သင့်လျော်သောအတွေ့အကြုံများကို ပေးဆောင်ကာ၊ သံသယဖြစ်ဖွယ်ရှိသည့် အသက်မပြည့်သေးသောသုံးစွဲသူများကို အလိုအလျောက် ဖယ်ရှားခြင်းကဲ့သို့သော ပလပ်ဖောင်းအင်္ဂါရပ်များကို ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သုံးစွဲကြည့်ရှုချိန် ကန့်သတ်ချက်ထားရှိခြင်း၊ မိသားစုနှင့်အတူ သုံးစွဲကြည့်ရှုနိုင်ခြင်း (Family Pairing) နှင့် အရွယ်မရောက်သေးသူများအတွက် ကိုယ်ရေးကိုယ်တာအချက်အလက်များအား အကာအကွယ်ပေးခြင်း စသည်တို့ကိုလည်း ထည့်သွင်းဖြည့်စွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီက ထပ်မံပြောကြားခဲ့သည်။

ByteDance(ဘိုက်ဒန့်စ်)သည် ၎င်း၏အမေရိကန်နိုင်ငံရှိပိုင်ဆိုင်မှုများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင်နောက်ဆုံးထား၍ ရောင်းချရမည့်ပြဿနာများကို ရင်ဆိုင်နေရပြီး အမေရိကန်နိုင်ငံတွင် အချိန်တိုဗီဒီယိုပလပ်ဖောင်းကို ပိတ်ပင်ခံရမည့်ပြဿနာကိုလည်း ရင်ဆိုင်နေရပါသည်။ ဖက်ဒရယ်တရားရုံးတွင်ဆိုင်းငံ့ထားလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုရင်ဆိုင်လျက် TikTok နှင့် ByteDance တို့သည် သီးခြားတရားစွဲဆိုခံနေရခြင်း ဖြစ်ပါသည်။

အမေရိကန်လွှတ်တော်သည် အသက် ၁၇ နှစ်အထိ ဆယ်ကျော်သက်များအပါအဝင် ကလေးများ၏အွန်လိုင်းကိုယ်ရေးကိုယ်တာကာကွယ်ရေးအက်ဥပဒေအား သက်တမ်းတိုးမည့်ဥပဒေကြမ်းကို ဆင်ခြင်သုံးသပ်လျက်ရှိပြီး ခေတ်မီလူမှုဆက်သွယ်ရေးနယ်ပယ်(Social Media Platform)တွင် မိဘများနှင့်ကလေးသူငယ်များ၏အချက်အလက်များကို ဖျက်ပစ်ရန် အခွင့်အခါပေးထားသည့် ကာလအတောအတွင်း ကလေးသူငယ်များနှင့် ဆယ်ကျော်သက်များအား ပစ်မှတ်ထားသည့်ကြော်ငြာများကိုလည်း ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.foxbusiness.com/technology/tiktok-hit-federal-lawsuit-over-massive-scale-violations-childrens-privacy

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၃၁) ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

